# မြန်မာ့အရေး အာဆီယံလုပ်ငန်းစဉ်သစ်တစ်ရပ်ကို ဝန်ကြီးချုပ်အန်ဝါ ဦးစီးဦးဆောင် ပြုရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်။

*ဤထုတ်ပြန်ချက်အား မလေးရှားနိုင်ငံ၏ ယခင် နိုင်ငံခြားရေးဝန်ကြီး Dato' Sri Saifuddin Abdullah နှင့် မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီ (SAC-M) ၏ တည်ထောင်သူအဖွဲ့ဝင်များဖြစ်သော ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ ကျွမ်းကျင်သူဟောင်း သုံးဦးတို့မှ ပူးတွဲ၍ ထုတ်ပြန်ခြင်းဖြစ်ပါသည်။*

မလေးရှားနိုင်ငံဝန်ကြီးချုပ် အန်ဝါ အီဘရာဟင်အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းနှင့် တွေ့ဆုံခဲ့ခြင်းအား မိမိတို့မှ ကြိုဆိုပါသည်။ အာဆီယံဥက္ကဋ္ဌအနေဖြင့် မြန်မာနိုင်ငံ၏ တရားဝင် နိုင်ငံရေးဦးဆောင်သူများနှင့် ထိတွေ့ဆက်ဆံခဲ့ခြင်းသည် အရေးပါသော ခြေလှမ်းတစ်ခုဖြစ်ပြီး၊ ဤသို့ဆက်ဆံမှုကြောင့်ပင် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ စစ်ကိုင်းငလျင်ကြီးအပြီးတွင် အရေးပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးပို့ရန် လမ်းကြောင်းများပွင့်သွားခဲ့သည်။ ယခုလနှောင်းပိုင်းတွင်ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးမတိုင်မီ အာဆီယံဥက္ကဋ္ဌနှင့် NUG တို့အကြား နောက်ထပ်တွေ့ဆုံမှုများလည်း မဖြစ်မနေ ပြုလုပ်ရဦးမည်ဖြစ်သည်။

ဝန်ကြီးချုပ် အန်ဝါသည် စစ်အုပ်စုခေါင်းဆောင်နှင့် စစ်ရာဇဝတ်သားဟု စွပ်စွဲခံထားရသော မင်းအောင်လှိုင်နှင့်လည်း တွေ့ဆုံခဲ့ရာ၊ ထိုသို့တွေ့ဆုံရခြင်း၏ ရည်ရွယ်ချက်တစိတ်တပိုင်းမှာ စစ်အုပ်စု၏ ထွင်လုံးသက်သက်သာဖြစ်သည့် အပစ်အခတ်ရပ်စဲရေးကို သက်တမ်းတိုးပေးရန်အတွက်ဖြစ်သည်။ ဝန်ကြီးချုပ် အန်ဝါက ဧပြီလ ၂ ရက်နေ့မှစ၍ စတင်သက်ရောက်ခဲ့သည့် "အပစ်အခတ်ရပ်စဲရေး" ဆက်လက်မြဲမြံမည်ဟူ၍ မင်းအောင်လှိုင်ထံမှ အာမခံချက်ရရှိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ သို့ရာတွင် ထိုအာမခံချက်မှာ တွေ့ဆုံမှု မပြီးဆုံးမီပင် လိမ်လည်မှုသက်သက်သာဖြစ်ကြောင်း ပေါ်လွင်သွားခဲ့သည်။ [ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး Volker Türk] အတည်ပြုပြောကြားခဲ့သည့်အတိုင်းပင်၊ စစ်အုပ်စုသည် "အရပ်သားများအပေါ် မရပ်မနား အကြမ်းဖက်မှုများ" ကို လျော့ပါးသွားခြင်းမရှိစေဘဲ ဆက်လက် ကျူးလွန်နေဆဲဖြစ်သည်။

[NUG ၏ အဆိုအရ]၊ ငလျင်များလှုပ်ခတ်ပြီးနောက်ပိုင်း မေလ ၉ ရက်နေ့အထိ စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ကလေးသူငယ် ၃၂ ဦးအပါအဝင် အရပ်သား အနည်းဆုံး ၃၃၄ ဦး သေဆုံးခဲ့ရပြီး၊ ကလေးသူငယ် ၅၃ ဦးအပါအဝင် အရပ်သား အနည်းဆုံး ၄၀၈ ဦး ဒဏ်ရာရရှိခဲ့သည်။ ထိုသို့သော ကြောက်မက်ဖွယ်ရာတိုက်ခိုက်မှုများစွာထဲမှ အထူးထင်ရှားသော ဖြစ်စဉ်တစ်ခုမှာ မေလ ၁၂ ရက်နေ့ကပင် ဖြစ်ပွားခဲ့သည်။ ထိုနေ့တွင် စစ်အုပ်စုက စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ အိုးထိန်းတွင်းကျေးရွာရှိ စာသင်ကျောင်းတစ်ခုကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ၊ အသက်ခုနစ်နှစ်အရွယ် ကလေးငယ်များအပါအဝင် ကျောင်းသားကျောင်းသူ နှစ်ဆယ့်နှစ်ဦးနှင့် ဆရာ နှစ်ဦး သေဆုံးခဲ့ရသည်။ ထိုတိုက်ခိုက်မှုကြောင့်ပင် နောက်ထပ် အရပ်သား ၁၀၅ ဦးအထိလည်း ဒဏ်ရာရရှိခဲ့သေးသည်။

စစ်အုပ်စု၏ နည်းဗျူဟာများနှင့် အပြုအမူများသည် ပြောင်းလဲမှုရှိမည်မဟုတ်ပေ။ ၂၀၂၁ ခုနှစ် ၎င်း၏ မအောင်မြင်

လိုက်သည့်အာဏာသိမ်းမှုနောက်ပိုင်း၊ စစ်အုပ်စုမှ လူပေါင်း ၃.၅ သန်းကျော်ကို အတင်းအကျပ် နေရပ်ရွှေ့ပြောင်းစေခဲ့သေးသည်။ နောက်ထပ် လူသန်းပေါင်း ဆယ်နှင့်ချီ၍လည်း ဆင်းရဲမွဲတေအောင် တွန်းပို့ခဲ့သည်။ ထို့အပြင် စစ်အုပ်စုသည် သဘာဝဘေးအန္တရာယ်များကိုလည်း စစ်ရေးအသာစီးရရန် ထပ်ခါတလဲလဲ အသုံးချခဲ့သည်။ ဤသို့ပြုလုပ်ရာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို လက်နက်သဖွယ်အသုံးချခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝင်ရောက်ခွင့်များကို ကြိုးကိုင်ခြယ်လှယ်ခြင်းနှင့် ပိတ်ဆို့တားဆီးခြင်းစသည့် နည်းလမ်းများကို အသုံးပြုခဲ့သည်။ ထို့ထက်မကသေးဘဲ၊ အာဆီယံ၏ ဘုံသဘောတူညီချက် ငါးချက် (5PC) အား အကြိမ်ကြိမ်ပယ်ချခြင်းနှင့် ပိတ်ဆို့ခြင်းတို့ဖြင့် အာဆီယံအား လေးနှစ်ကြာ အရှက်တကွဲဖြစ်စေခဲ့သည်။

မင်းအောင်လှိုင်နှင့် တွေ့ဆုံခြင်းအားဖြင့် ဝန်ကြီးချုပ် အန်ဝါသည် မြန်မာနိုင်ငံအပေါ် အာဆီယံ၏ ချဉ်းကပ်ပုံကို ပြန်လည်သုံးသပ်ပြင်ဆင်ရန် တွန်းအားတစ်ရပ် ဖြစ်ပေါ်စေခဲ့သည်။ အသုံးမဝင်တော့သည့် ဘုံသဘောတူညီချက်ငါးချက် (5PC) မှာ အနိစ္စရောက်သွားပြီဟု မှတ်ယူသင့်သည်။ သို့ဖြစ်၍ ဝန်ကြီးချုပ် အန်ဝါအနေဖြင့် ယခုအခါ ကွာလာလမ်ပူတွင် ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေး၌ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံလုပ်ငန်းစဉ်သစ်တစ်ရပ်ကို အတည်ပြုချမှတ်နိုင်ရေးအတွက် ဦးစီးဦးဆောင်ပြုရမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းစဉ်သစ်သည် အောက်တွင်ဖော်ပြထားသော ဦးစားပေးအချက်များနှင့် အခြေခံမှုများအပေါ် အခြေခံသည့် 5PC ပုံစံသစ်တစ်ခု ဖြစ်လာနိုင်ပါသည် -

၁. အာဆီယံသည် NUG၊ တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ (EROs)၊ စစ်အုပ်စုအပါအဝင် အခြားလက်နက်ကိုင်အဖွဲ့အစည်းများအကြား အားလုံးအကျုံးဝင်ပါဝင်နိုင်သော ဆွေးနွေးပွဲများ ခေါ်ယူကျင်းပရမည်။ ထိုဆွေးနွေးပွဲများမှတဆင့် တိုက်ခိုက်မှုအားလုံး၊ အထူးသဖြင့် လေကြောင်းတိုက်ခိုက်မှုများကို ချက်ချင်းအဆုံးသတ်ရမည်။ ထို့အပြင် အာဆီယံနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတို့က ထောက်ခံပြီး လိုက်နာကျင့်သုံးမှုရှိစေရမည့် တနိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးတစ်ရပ်ကိုလည်း ပြဋ္ဌာန်းဖော်ဆောင်ရမည်။ ဤအပစ်အခတ်ရပ်စဲရေးကို နိုင်ငံတကာလေ့လာသူများက စောင့်ကြည့်စစ်ဆေးရမည်ဖြစ်သည်။

၂. အာဆီယံသည် NUG၊ EROs၊ လူနည်းစုကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ စစ်အုပ်စု၊ အိမ်နီးချင်းနိုင်ငံများနှင့် ကုလသမဂ္ဂအေဂျင်စီများ အပါအဝင် အဓိကသက်ဆိုင်သူအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ ထိုသို့ညှိနှိုင်းပူးပေါင်းခြင်းဖြင့် အောက်ပါလုပ်ငန်းများကို အကောင်အထည်ဖော်ရမည် -

- မြန်မာနိုင်ငံရှိ လိုအပ်နေသော အသိုင်းအဝိုင်းအားလုံးထံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် ပစ္စည်းဆိုင်ရာ အကူအညီများရောက်ရှိရေးကို ဦးစွာ ဦးစားပေးထောက်ပံ့ရမည်။ ဤသို့ထောက်ပံ့ရာတွင် ရရှိနိုင်သောနည်းလမ်းအားလုံးကိုအသုံးပြု၍ အကူအညီများ အဆောတလျင်၊ ဘက်မလိုက်ဘဲ၊ အဟန့်အတားမဲ့ ရောက်ရှိစေရန်ဖြစ်သည်။
- ပေးအပ်သည့်အကူအညီများကို လက်နက်သဖွယ်အသုံးချခြင်းမပြုရန် သေချာစွာ စောင့်ကြည့်ကြပ်မတ်ရမည်။
- ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများကို အားဖြည့်ကူညီရန်၊ ထို့အပြင် ပိုမိုကျယ်ပြန့်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကျပ်အတည်းကို ဖြေရှင်းနိုင်ရန် တိုးမြှင့်ထားသည့်ငွေကြေးအထောက်အပံ့များ ဖော်ဆောင်ပေးရမည်။
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီများနှင့် လုပ်ဆောင်သူများအား နယ်မြေအားလုံးသို့

အဟန့်အတားမရှိ၊ အပြည့်အဝ ဝင်ရောက်ခွင့်ပြုရမည်။

၃. ရွေးကောက်ပွဲများမကျင်းပမီ၊ တရားဝင်ပြီး အားလုံးအကျုံးဝင်ပါဝင်သော ငြိမ်းချမ်းရေး သဘောတူညီချက်တစ်ရပ် ဦးစွာရရှိရမည်ဖြစ်ပြီး တိုက်ခိုက်မှုအားလုံးလည်း လုံးဝရပ်တန့်ရမည်ဖြစ်သည်။ ထိုအခြေအနေများပြည့်စုံမှသာ ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပြင်ဆင်ရာတွင် အာဆီယံသည် သက်ဆိုင်သူအားလုံးကို ထောက်ပံ့ကူညီရမည်။ ထိုသို့ကျင်းပမည့်ရွေးကောက်ပွဲများသည် လွတ်လပ်သော နိုင်ငံတကာ လေ့လာသူများ၏စောင့်ကြည့်မှုဖြင့် စစ်မှန်ပြီးယုံကြည်စိတ်ချရသည့် တနိုင်ငံလုံးအဆင့် ရွေးကောက်ပွဲများ ဖြစ်ရမည်။ ဤသည်သာလျှင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်မည့် တစ်ခုတည်းသောအခြေအနေဖြစ်သည်။

၄. အာဆီယံသည် မြန်မာနိုင်ငံအတွက် ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်တစ်ရပ် ညှိနှိုင်းရေးဆွဲရာတွင် သက်ဆိုင်သူအားလုံးကို ထောက်ပံ့ကူညီရမည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူလူထု၏ဆန္ဒနှင့် အကျိုးစီးပွားများကို အခြေခံခြင်းနှင့် လူနည်းစုများအပါအဝင် အသိုင်းအဝိုင်းအားလုံးအကျုံးဝင်ပါဝင်မှုရှိခြင်း ဟူသည့် အချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်။ ထို့ပြင် မြန်မာစစ်တပ်သည် ၄င်းမည်သို့သောပုံစံသဏ္ဍာန်ဖြင့် တည်ရှိနေသည်ဖြစ်စေ၊ ဒီမိုကရေစီနည်းကျရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရနှင့် လွှတ်တော် အောက်တွင် ထာဝရလက်အောက်ခံဖြစ်စေရန် ဟူသည်မှာ အဓိကကျသည့် လိုအပ်ချက်တစ်ရပ်ပင်ဖြစ်သည်။

၅. အာဆီယံသည် ပဋိပက္ခတွင်ပါဝင်သူအားလုံးမှ မြန်မာနိုင်ငံ၌ ကျူးလွန်ခဲ့သော နိုင်ငံတကာ ရာဇဝတ်မှုများ အတွက် တာဝန်ယူ/ခံမှုရှိရေးကို ထောက်ပံ့ကူညီရမည်ဖြစ်သည်။ ထို့ပြင် တရားမျှတမှု ဖော်ဆောင်နိုင်ရန် အလို့ငှာ နိုင်ငံတကာနှင့် ပြည်တွင်း တရားရုံးများ၊ ခုံရုံးများ၊ တာဝန်ယူ/ခံမှုဆိုင်ရာယန္တရားများနှင့်လည်း ပူးပေါင်း ဆောင်ရွက်သွားမည်။ ထိုသို့ပူးပေါင်းဆောင်ရွက်ရာတွင် ကမ္ဘာ့နေရာတိုင်းတွင် တရားစီရင်ပိုင်ခွင့်ကိုကျင့်သုံးသည့် တရားရုံးများလည်းပါဝင်သည်။ နိုင်ငံတကာရာဇဝတ်မှုများ၊ ကြီးလေးသော ချိုးဖောက်မှုများနှင့် မတော်မတရား ပြုမှုများအတွက် ပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့် လုံးဝရှိရမည်မဟုတ်။

ဝန်ကြီးချုပ် အန်ဝါ အဖို့ အခွင့်အလမ်းကောင်းတစ်ရပ် ရှေ့မှောက်တွင် ပေါ်ပေါက်လျက်ရှိသည်မှာ အာဆီယံဥက္ကဋ္ဌ အဖြစ် မလေးရှားနိုင်ငံကို အောင်မြင်အောင် ဦးဆောင်ဖော်ဆောင်ရင်း၊ မြန်မာနိုင်ငံအရေး၌ နှစ်ပေါင်းများစွာ ဂုဏ်သိက္ခာကျဆင်းခဲ့ရသော အာဆီယံ၏ အများလက်ခံယုံကြည်နိုင်မှုကိုပါ ပြန်လည်ဆယ်တင်နိုင်မည်ဟူသည့် အခွင့်အလမ်းပင်ဖြစ်သည်။ ဝန်ကြီးချုပ် အန်ဝါသည် ဤကိစ္စအပေါ်တွင် ၎င်း၏ဂုဏ်သိက္ခာကိုပင် လောင်းကြေး ထပ်ထားခြင်း ဖြစ်သည်။ သို့ပေသော်လည်း မြန်မာပြည်သူများထပ်ရသည့်လောင်းကြေးမှာမူ များစွာပို၍ ကြီးမား ပေတော့သည်။

Dato' Sri Saifuddin Abdullah

Marzuki Darusman

Yanghee Lee

Chris Sidoti